**နိုင်ငံတကာလူ့အခွင့်အရေးနှင့်ပတ်သက်၍မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၁၁)**

၁။ ဒုတိယကမ္ဘာစစ်အတွင်းက ကျူးလွန်ခဲ့သည့် ရက်စက်မှုများနှင့် အကျိုးဆက်အဖြစ် ပေါ်ပေါက်ခဲ့သည့် ကျယ်ပြန့်ကြီးမားသော လူ့အခွင့်အရေးဖောက်ဖျက်မှုများသည် ကမ္ဘာ့ လူ့အဖွဲ့ အစည်းအား ထိတ်လန့်တုန်လှုပ် မှုဖြစ်စေကာ "နောက်ပေါ်ပေါက်လာမည့် မျိုးဆက်သစ်များအား စစ်အန္တရာယ်မှ ကာကွယ်နိုင်ရန်" ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရေးအတွက် အလေး အနက် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ရန် လှုံ့ဆော်မှုဖြစ်ခဲ့ပါသည်။ ဤကြိုးပမ်းအားထုတ်မှု များမှ ကုလသမဂ္ဂ အဖွဲ့အစည်း ပေါ်ပေါက်ခဲ့ပါသည်။ ကုလသမဂ္ဂပဋိညာဉ် အပိုဒ် ၅၅ တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များတွင် "လူ့အခွင့်အရေးကို လေးစားရေး နှင့် လူအားလုံး၏ လူ့အခွင့် အရေးနှင့် အခြေခံလွတ်လပ်မှုများကို စောင့်ထိန်းလိုက်နာရေး" ဟူသော ပြဋ္ဌာန်းချက် ပါရှိပါ သည်။ကုလသမဂ္ဂပဋိညာဉ်ပါ ဤရည်ရွယ်ချက်အကောင်အထည်ဖော်ရန်အလို့ငှာ နိုင်ငံတကာ အသိုက်အဝန်းက ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ရာ ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းကို ချမှတ် နိုင်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်၊ ဧပြီလတွင် ကုလသမဂ္ဂ၏ ၅၈ နိုင်ငံမြောက် အဖွဲ့ဝင် ဖြစ်ခဲ့ပါသည်။ ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေ ထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်သည့်အခါ မြန်မာ နိုင်ငံ က ထောက်ခံမှုပြုခဲ့ပါ သည်။ ဤကြေညာစာတမ်းသည်လူသားအားလုံး၊နိုင်ငံအားလုံးက ပြည့်မီ အောင်မြင် အောင်ဆောင်ရွက်ရမည့် အားလုံးနှင့်သက်ဆိုင်သော စံ တစ်ရပ်ဖြစ်ပါသည်။ တစ်နည်း ဆိုရလျှင် ကြေညာစာတမ်းမှ လူ့အခွင့်အရေးစံ များကို နိုင်ငံအားလုံးက ပြည့်မီအောင် ကြိုးပမ်း သွားရန်ဖြစ်ပါသည်။ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေး စံ များသတ်မှတ်ရေးအတွက် နိုင်ငံတကာ အသိုက်အဝန်း ၏ ကြိုးပမ်းမှုများတွင် လူ့အခွင့်အရေး ကြေညာ စာတမ်းအား အတည်ပြုချမှတ်လိုက်ခြင်းသည် ပထမဦးဆုံးသော ခြေလှမ်းဖြစ်ပါသည်။ သို့ဖြစ်၍ အရေးကြီး သည့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်နှစ်ရပ်ဖြစ်သော ပြည်သူ့အခွင့်အရေးများနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး များဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့် အခြားသော တည်ဆဲလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များရေးဆွဲ ရာတွင် လူ့အခွင့်အရေး ကြေညာစာတမ်းသည် လှုံ့ဆော်မှုဖြစ်စေသော အကြောင်းရင်းနှင့် အခြေခံအဖြစ် အသုံးပြုခဲ့ ရသော စာတမ်း ဖြစ်လာခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများစွာတို့သည် ၎င်းတို့၏ အသီးသီးသော ဖွဲ့စည်းပုံအခြေခံများပါ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအတွက်

လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေခံ အဖြစ် အသုံးပြုကြပါသည်။ ၂၀ဝ၈ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူထုက တခဲနက် ထောက်ခံ အတည်ပြု ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံ လူ့အခွင့်အရေး များကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၃။ ကြေညာစာတမ်းအားအတည်ပြုချမှတ်နိုင်ချိန်မှအစပြု၍ နိုင်ငံတကာအသိုက်အဝန်းသည် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကာကွယ်သည့်စနစ်တစ်ရပ်တည်ထောင်နိုင်ရန် မဆုတ်မနစ် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ ကြိုးပမ်းစဉ်တွင်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ တည်ထောင်ရေးကို အစဉ်တစိုက် ထောက်ခံအားပေးမှု ပြုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ အဖွဲ့အစည်းများ သည် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို စောင့်ကြည့်လေ့လာသည့် အမျိုးသားအဆင့်စနစ်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်သကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်မှု များအပေါ် အဖြေရှာရာတွင်လည်းကောင်း၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ ပျံ့နှံ့အောင် ပြုလုပ်ရာတွင်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသော အာဏာပိုင်များအား အကြံဉာဏ်ပေးနိုင်မည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ လူ့အခွင့်အရေးများကိုသက်ဝင်ယုံကြည် သောနိုင်ငံများသည် လူ့အခွင့် အရေး မြှင့်တင်ကာကွယ်ရန် အမျိုးသားအဆင့် လူ့အခွင့်အရေး အခြေခံအဆောက်အဦကို တည်ဆောက်ကြပါသည်။ ယင်းသို့တည်ဆောက်ရာတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ တည်ထောင်ခြင်းလည်း ပါဝင်ပါသည်။

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် မူလအခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်နိုင်ရေးအတွက် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ပင် ဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် အစိုးရ၏ အမိန့် ကြော်ငြာစာအမှတ် (၃၄/၂၀၁၁)ဖြင့် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး အာဆီယံတွင် ပဥ္စမမြောက် အဖွဲ့အစည်းဖြစ်ပါသည်။ ကော်မရှင်အား ပါရီအခြေခံမူများကို အခြေခံ၍ လုပ်ငန်းနယ်ပယ်အမျိုးမျိုးနှင့် တိုင်းရင်းသား လူမျိုးအသီးသီးမှ အတွေ့အကြုံ ရှိသော အငြိမ်းစားပုဂ္ဂိုလ် (၁၅)ဦး ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ကော်မရှင်သည် ၎င်း၏အဖွင့်အစည်းအဝေးကို စက်တင်ဘာလ (၁၂)ရက်နေ့တွင် ကျင်းပ ခဲ့ပြီး ယင်းနေ့မှစ၍ လုပ်ငန်းတာဝန်များကို အပြည့်အဝဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့် အရေး ကာကွယ်ရေး လုပ်ငန်း နှင့်ပတ်သက်၍ လူ့အခွင့်အရေးဖောက်ဖျက်မှုနှင့် ပတ်သက်သော

တိုင်ကြား စာများကို လက်ခံနိုင်ရန် ကြေညာချက်တစ်ရပ်ကို အောက်တိုဘာလ (၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့ ပါသည်။ လက်ခံရရှိသော တိုင်ကြားစာများကိုအစွမ်းကုန်စာနာ ဂရုစိုက်၍ စိစစ်ပေး လျက် ရှိပါ သည်။

၆။ လူ့အခွင့်အရေးမြှင့်တင်ရေးအပိုင်းနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရရှိအောင် ကြိုးပမ်းလျက်ရှိပါသည်။ ကော်မရှင် သည် ဆွီဒင်နိုင်ငံမှ Raoul Wallenberg Institute မှ ကိုယ်စားလှယ်တစ်ဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်သည် လူ့အခွင့်အရေးသင်တန်းများကို (၁၀)နှစ်ကျော် လုပ်ဆောင်ခဲ့ ပြီးသော တက္ကသိုလ်ဖြစ်ကာ ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ လူ့အခွင့်အရေးအဖွဲ့အစည်းအမျိုးမျိုး သို့ ဖွဲ့စည်းမှုဆိုင်ရာပံ့ပိုးမှုများပေးလျက်ရှိပါသည်။ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးက မြန်မာအစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆွေးနွေးပွဲတစ်ရပ် စီစဉ်ကျင်းပရာတွင် ကော်မရှင်က တက်တက်ကြွကြွပါဝင် ဆောင်ရွက်ခဲ့ ပါသည်။ ဆွေးနွေးပွဲ၏ အောင်မြင်မှုကို ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာမဟာ မင်းကြီးက အားတက် ဖွယ်ရာတုံ့ပြန်ခဲ့ပါသည်။ ၎င်းကလူငယ်မျိုးဆက်မှ အများအပြားပါဝင် သည့် တက်ရောက် သူအရာရှိများသည် အလွန်အပြုသဘောရှိကြပြီး စိတ်ဝင်စားမှုလည်းရှိကြောင်း၊ အားတက်သရော လည်းရှိကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ ကော်မရှင်သည် ယခုလောလောဆယ် တွင် ကလေးသူငယ်အခွင့်အရေး နှင့် လူ့အခွင့်အရေးပညာပေးမှုကို ပိုမိုသိရှိလာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ရန်ကုန်မြို့ ရှိ၊ ယူနီဆက်(ဖ်)နှင့်ပူးပေါင်းလျက် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပရန်စီစဉ် လျက်ရှိပါသည်။ နိုဝင်ဘာလကုန်ပိုင်းတွင် ယူနီဆက်(ဖ်)၏ ကမကထပြုမှုဖြင့်ပင် ကော်မရှင်အဖွဲ့ဝင် ငါးဦးတို့သည် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ကာ ဖိလစ်ပိုင်နိုင်ငံ၏ လူ့အခွင့်အရေး မြှင့်တင် ကာကွယ် ရေး အမျိုးသား အခြေခံအဆောက်အအုံနှင့် လူ့အခွင့်အရေးကော်မရှင်တို့၏ လုပ်ငန်း ဆောင်ရွက်မှုကို လေ့လာခဲ့ပါ သည်။

၇။ ကော်မရှင်တည်ထောင်ပြီး (၃)လအတွင်း ၎င်း၏ လုပ်ထုံးလုပ်နည်းမူကြမ်းနှင့် တိုင်ကြားစာ နှင့် စုံစမ်းစစ်ဆေးရေးလုပ်ထုံးလုပ်နည်းမူကြမ်းများ ကို ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

၈။ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ အစိတ် အပိုင်း တစ်ရပ်ဖြစ်ပါသည်။ အရေးကြီးသည့် ယနေ့လူ့အခွင့်အရေးနေ့အခါသမယတွင် ကော်မရှင် အနေဖြင့် ၎င်း၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတာဝန်ကို ထိရောက်အောင်မြင်

အောင် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်ရေး လုပ်ငန်းစဉ်ကို အစွမ်းကုန် ကူညီပံ့ပိုးသွားရန် ပိုင်းဖြတ် ထားကြောင်း အလေးအနက်ပြောကြားလိုပါသည်။

၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ၁၀ရက်

ရန်ကုန်မြို့။